# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လွိုင်ကော်-ရှားတောမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)


## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ (၃)မိုင်ပကြဲစံပြကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥတုစာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၂ |
| ၉။ ဥတုစာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၃ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၅ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၆ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၈ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၂၀ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၂၁ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၂၂ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၃ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၄ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၅ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၈ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၃၁ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၃ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၄၁ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၄၂ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၄ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၅ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး – ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရှု | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြဲစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရှု | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၉-၂၀၂၀) ခုနှစ်

ကျေးရွာအုပ်စုအမည်-နွားလပိုး ကျေးရွာအမည်-(၃)မိုင်ပကြီစံပြ ရက်စွဲ ၃၀.၉.၂၀၁၉

**၁။ ကျေးရွာသမိုင်းအကြောင်း**

(၃) မိုင်ပကြီစံပြကျေးရွာရှိရွာသူရွာသားများသည် ယခင်နေထိုင်ခဲ့သော ပကြီရွာဟောင်းမှ ၁၉၇၇ခုနှစ်တွင် အိမ်ထောင်စု(၅)စုဖြင့် ပကြီစံပြကျေးရွာတွင်စတင်ပြောင်းရွှေ့ပြီး ကျေးရွာသစ်တည်ထောင်ခဲ့ကြပါသည်။ ၁၉၈၆ ခုနှစ်တွင် ဘုန်းကြီးကျောင်းဆောက်လုပ်ခဲ့ကြသည်။ ထိုအချိန်တွင် စာသင်ကျောင်းမရှိပါ။ ဖာတီမာကျေးရွာရှိ မူလတန်းစာသင်ကျောင်းတွင် ကလေးများပညာသွားရောက်သင်ကြားကြရသည်။ ထိုအချိန်တွင် သောက်သုံးရေ များလည်း ရှားပါးသောကြောင့် (၁) မိုင်ခန့်အကွာရှိ ရေတွင်းမှသာသွားရောက်ခပ်ယူသုံးစွဲကြရသည်။

၁၉၈၆ ခုနှစ်တွင်ပကြီစံပြရွာမှနောက်ထပ်တစ်ကြိမ် (၃) မိုင်ပကြီစံပြရွာသစ်သို့ပြောင်းရွှေ့ခဲ့ကြပါသည်။ (၃) မိုင်ပကြီစံပြ ကျေးရွာတွင် အိမ်ခြံများကိုစတင်အကွက်ချပြီး အိမ်ထောင်စု (၃)စုဖြင့်စတင်နေထိုင်ကြပါသည်။ ၁၉၈၇ ခုနှစ်တွင် နွားလပိုးစံပြကျေးရွာအနီးတွင် တိုက်ပွဲများဖြစ်သောကြောင့် ထိုအိမ်ထောင်စု(၃)စုမှာ ပကြီရွာဟောင်းသို့ ပြန်လည်နေထိုင်ခဲ့ကြပါသည်။ ထို့သို့တစ်နေရာမှ တစ်နေရာပြောင်းရွှေ့ရခြင်းမှာ နယ်မြေအေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း ၊ ပညာရေးနှင့်ကျန်းမာရေးအတွက်ခက်ခဲခြင်း ၊ သောက်သုံးရေ ရှားပါးခြင်း စသည့်တို့ကြောင့်ဖြစ်ပါသည်။ ၁၉၉၈ခုနှစ်တွင် (၃) မိုင်ပကြီစံပြကျေးရွာတွင် ဘုန်းကြီးကျောင်း စတင်ဆောက်လုပ်ခဲ့ကြသည်။ ၉.၃.၁၉၈၉ ခုနှစ်တွင် (၃)မိုင်ပကြီစံပြ ကျေးရွာသို့ အိမ်ထောင်စု(၁၀)အိမ်ဖြင့် ပြန်လည်တည်ထောင်ခဲ့ကြပါသည်။ ထို့ကြောင့် ၉.၃.၁၉၈၉ ခုနှစ် ရွာစတင်တည်ထောင်သောနှစ်ကိုအစွဲပြုပြီး ကျေးရွာ၏ မွေးနေ့ ဟု သတ်မှတ် ကာ နှစ်စဉ်နှစ်တိုင်း ဘုန်းကြီးပင့်ပြီး ကောင်းမှုကုသိုလ်အလှူများပြုလုပ်ကြပါသည်။ ကျေးရွာ၏ အမည်ကို လှိုင်ကော်မြို့နှင့် (၃)မိုင်ဝေးသောကြောင့်သော်လည်းကောင်း၊ ယခင် နေထိုင်ခဲ့သော နေရာ ပကြီစံပြကို အစွဲပြုပြီးသော်လည်းကောင်း (၃)မိုင်ပကြီစံပြဟုခေါ်ရခြင်းဖြစ်ပါသည်။

(၃) မိုင်ပကြဲစံပြ ကျေးရွာတွင် ကယားလူမျိုးများသာနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ကယားရိုးရာယဉ်ကျေးမှုအနေဖြင့် ကေ့ထိုးဘိုးပွဲ၊ ဒီးကူးပွဲများ၊ ငှက်လိုက်ပွဲ များကျင်းပလေ့ရှိပါသည်။ ကျေးရွာ သူ/ရွာသားများသည် အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ ပြောင်းကို အဓိက စိုက်ပျိုးကြပြီး လယ်စပါး၊ တောင်ယာစပါး၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုလည်း အနည်းငယ်စိုက် ပျိုးကြပါသည်။ မိမိတို့အိမ်စားဖို့ရန်အတွက်လည်း သခွါးသီး၊ ဖရုံသီး၊ ပဲသီး၊ ငရုတ်သီးများကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးနည်းပညာများအားနည်းနေသေးပါသည်။ မြေသြဇာအသုံးချမှု၊ ပိုးသတ်ဆေးအသုံးပြုမှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်နိုင်မှုမရှိခြင်း စသော နည်းပညာပိုင်းတွင် အားနည်းနေကြပါသည်။ ထို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေထွက်ငွေ မမျှတမှုများ ရင်ဆိုင် နေကြရပါသည်။ ရွာတစ်ရွာလုံး၏ မှီခို အားထားရာ စိုက်ပျိုးရေးလုပ်ငန်းမှ မိမိတို့မိသားစု စားဝတ်နေရေး ပညာရေး နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရန် နည်းပညာ ထောက်ပံ့မှုများ အထူးလိုအပ် လျက်ရှိပါသည်။

၁၉၉၀ ခုနှစ်တွင် ထီးသူးကူးကျေးရွာနှင့် ပျားကန်ကျေးရွာများ ကို (၃) မိုင်ပကြဲစံပြ ကျေးရွာ၏ လယ်မြေနေရာတွင်လာရောက်ရွှေ့ပြောင်းနေရာချပေးသောကြောင့် လယ်ယာမြေများ လုပ်ကိုင်ရန် ခက်ခဲလာခဲ့ပါသည်။ ထို့ကြောင့်ယခုအချိန်တွင် လယ်ယာ၊တောင်ယာများမှာ ကျေးရွာနှင့် ဝေးသောနေရာတွင် သွားရောက် လုပ်ကိုင်ကြရ ပါသည်။လူဦးရေ တိုးပွားလာသည်နှင့်အမျှ စိုက်ပျိုးရန် နေထိုင်ရန် မြေနေရာရှားပါးလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပြီး ကုန်စျေးနှုန်းများတက်လာခြင်း တို့ကြောင့် နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသော လူငယ်များလည်း ရှိပါသည်။ သို့သော် ကျေးရွာတွင် သာရေးနာရေးများ ဆောင်ရွက်သည့် အခါ တစ်ရွာလုံးတက်ကြွစွာ ပါဝင်ကြသည်ကိုလည်း မြင်တွေ့ရသည်မှာလည်း ရွာ၏ ချစ်စရာဓလေ့ပင်ဖြစ်ပါသည်။

**မှတ်တမ်းတင်သူအမည် - ဒေါ် ခရစ္စတင်းလုဒ်ငယ်**


**ရာထူး - လူထုစည်းရုံးရေးမှူး**

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၃၀.၉.၂၀၀၉ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၈၂ | ၃၈ | ၁၂၀ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂။ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၃၀.၉.၂၀၀၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၈၂ | ၃၈ | ၁၂၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံ စံနှုန်း များ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃၀.၉.၂၀၀၉ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၈၂ | ၃၈ | ၁၂၀ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့်ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၃၀.၉.၂၀၀၉ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၈၂ | ၃၈ | ၁၂၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(Spider Web) | ၃၀.၉.၂၀၀၉ | အမျိုးသမီး၊အမျိုးသားများ | ၈၂ | ၃၈ | ၁၂၀ | အမျိုးသမီး၊အမျိုးသားများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၃၀.၉.၂၀၀၉ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၈၂ | ၃၈ | ၁၂၀ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-**လှိုင်ကော်**   ကျေးရွာအုပ်စု-**နွားလပိုး**   **ကျေးရွာ-(၃)မိုင်ပကြီးစံပြ** ။ **ရက်စွဲ -၃၀.၉.၂၀၁၉...**



**ပါဝင်ဆွေးနွေးသူ-**

ကျား -၈၂ဦး

မ -၃၈ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ် ခရစ္စတင်းလုဒ်ငယ်

ရာထူး-လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

(၃)မိုင်ပကြဲစံပြ ကျေးရွာတွင် ယနေ့အချိန်ထိ အိမ်ခြေ(၁၇၀)အိမ်ရှိပြီး ကယားလူမျိုးအများဆုံး နေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးကြသော ကျေးရွာဖြစ်ပါသည်။ ပြောင်းကို အဓိက စိုက်ပျိုးကြပြီး လယ်စပါး၊ တောင်ယာစပါး၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုလည်း အနည်းငယ်စိုက် ပျိုးကြပါသည်။ မိမိတို့အိမ်စားဖို့ရန်အတွက်လည်း သခွါးသီး၊ ဖရုံသီး၊ ပဲသီး၊ ငရုတ်သီးများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ကျေးရွာသည် စိုက်ပျိုး ရေးကို အဓိက လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေး နည်းပညာများ အားနည်းနေသေးပါသည်။ မြေဩဇာအသုံးချမှု၊ ပိုးသတ်ဆေးအသုံးပြုမှု၊ မျိုးကောင်း မျိုးသန့် ရွေးချယ်နိုင်မှု မရှိခြင်း စသောနည်းပညာပိုင်းတွင် အားနည်းနေကြပါသည်။ ထိုစိုက်ပျိုး သီးနှံကိုသာ အမှီပြု၍ မိသားစု၏ စားဝတ်နေရေး ပြဿနာကို ဖြေရှင်းကြရပါသည်။ စပါးနှင့်ပြောင်း တို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ စပါးနှင့် ပြောင်းမျိုး ကောင်းမျိုးသန့်ရရှိစေရန်ဈေးကြီးပေးပြီးဝယ်ကြရသည်။ စိုက်ပျိုးသီးနှံ အထွက်နည်း သောနှစ် ၊ စားဝတ်နေရေး အဆင်မပြေသောနှစ် တွင် ပွဲရုံပိုင်ရှင် ထံမှ ကြိုတင်ချေးငွေများယူပြီး သီးနှံမျိုးစေ့များ ဝယ်ယူခြင်း၊ မြေဩဇာများ ဝယ်ယူခြင်းများ ဆောင်ရွက်ကြရပါသည်။ ထိုချေးငွေများကို သီးနှံပေါ်ချိန်မှသာ ပြန်လည်ဆပ်ကြ ရပါသည်။

စိုက်ပျိုးရေး ရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံ နှင့် လက်သမားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက် ၊ ဝက်မွေးမြူးခြင်းဖြင့်ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ လူထု များသည်အိမ်တိုင်း တွင်ရေတွင်းများရှိသော်လည်း နွေရာသီတွင်ရေခမ်းပြီး ရေလုံလောက်မှုမရှိပါ။ ရွာအတွင်း ရေလှောင်ကန် (၃)လုံးရှိသော်လည်း (၁)လုံးသာ အသုံးပြုနေရပြီး ကျန်(၂)လုံးမှာ ရေစိမ့်ခြင်း ကြောင့် အသုံးပြု၍ မရနိုင်သဖြင့် နွေရာသီတွင် ရေရရှိရန် ခက်ခဲပါသည်(အထူးသဖြင့် ရွာတောင်ပိုင်း)၊ ရွာအတွင်း ရေအရင်းအမြစ် မရှိသောကြောင့် အဝီစိတွင်း ၊ လက်တူးတွင်းများလဲ တူးယူ၍ မရသေးပါ။

(၃) မိုင်ပကြဲစံပြ ကျေးရွာတွင် ကျေးရွာတွင် စာသင်ကျောင်းများ ဆေးပေးခန်းများမရှိပါ။ ကလေးများသည် ရွာအနီးရှိ ထီးသူးကူးအလယ်တန်းစာသင်ကျောင်းတွင်ပညာသင်ယူကြပါသည်။ အထက် တန်း ပညာရပ်များကို နွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် ဆက်လက်ပညာ သင်ယူကြရပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက် လာပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေး ခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲများရှိပါက ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူများသည် နွားလပိုးအုပ်စု ကျေးလက်ကျန်းမာရေး ဌာနခွဲတွင်သွားရောက် ဆေးကုသမှုခံယူကြပြီး အရေးပေါ် ကျန်းမာရေး အခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီးတွင်သွားရောက် ဆေးကုသမှုခံယူကြရပါသည်။

ကျေးရွာ အတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ရွာလမ်းများ၏ ၅၀% ကျော်မှာ မြေသားလမ်းသာ ဖြစ်နေပြီး ကျောက်ချောလမ်း အနည်းငယ်ကို အသုံးပြုဖန်များသောကြောင့် ပျက်စီးမှုများ ကြုံတွေ့ရပါသည်။ အထူးသဖြင့် မိုးရာသီတွင် ကလေးများ ကျောင်းသွားရန်လည်း ခက်ခဲမှုများကြုံတွေ့ရပါသည်။

ထို့အပြင် ကျေးရွာ၌ ခန်းမဆောင်မရှိသေးသောကြောင့် အစည်းအဝေးများပြုလုပ်ရာတွင်လည်းကောင်း၊ သင်တန်းများ သာရေးနာရေးများဆောင်ရွက်ရာတွင် လည်းကောင်း ရွာရှိ ဘုန်းကြီးကျောင်း ကိုသာ အားကိုးအားထားနေရပါသည်။ ထို့အပြင် ရွာတွင်းလမ်းများမှာ သွားလာရန် အဆင်မပြေသေးသောကြောင့် ရွာသူ၊ရွာသားများက ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လမ်း ကောင်းမွန်ရန် နှင့် ခန်းမဆောင် တည်ဆောက်နိုင်ရန် မျှော်လင့် လျှက်ရှိပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် **လှိုင်ကော်** ကျေးရွာအုပ်စု-**နွားလပိုး** ကျေးရွာ-**(၃)မိုင်ပကြံစံပြ** ရက်စွဲ-**၃၀.၉.၂၀၁၈**

| **အမျိုးအစား** | **သတ်မှတ်ချက်/ညွှန်းကိန်းများ** | **အိမ်ထောင်စု အရေအတွက်** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ချမ်းသာ | ကား၊ထော်လော်ဂျီ၊ ဖုန်း၊ တီဗီ၊ ထွန်စက်ကိုင်းရှည်၊ဆိုင်ကယ် (၃)စီး လယ်(၂) ကေ၊ တိုက်အိမ် ၊ပြောင်းချွေစက် ၊ကျောက်တင်ကား ၊ ဈေးဆိုင်၊တောင်ယာ (၁၀)ကေ၊အိမ်စီးကား (၂) စီး | ၃၀ | ၁၈% |
| အလယ်အလတ် | ထော်လော်ဂျီ၊ ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ ပျဉ်ထောင်အိမ်၊၊တောင်ယာ (၃)ကေ၊နွား၊ နွားလှည်း | ၁၂၀ | ၇၀% |
| ဆင်းရဲ/နွမ်းပါး | ဝါးထန်ရုံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ၊ တောင်ယာ (၁)ကေ | ၂၀ | ၁၂% |
| **စုစုပေါင်း** | | **၁၇၀** | **၁၀၀%** |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၈၂

မ - ၃၈

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်






(၃)မိုင်ပကြဲစံပြ ကျေးရွာ၏ ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်။ အိမ်ခြေနှင့် အိမ်ထောင်စုအရေအတွက်(၁၇ဂ)အိမ်ရှိသည့်အနက် အိမ်ခြေ(၃ဂ)မှာ ချမ်းသာအဆင့်၊ အိမ်ခြေ(၁၂ဂ)မှာ အလယ်အလတ်အဆင့် တွင်ရှိပြီးအိမ်ခြေ(၂ဂ)အိမ်မှာ အဆင်မပြေသည့် အဆင့်တွင် ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၃ဂ) အိမ်မှာ ကား၊ ထော်လော်ဂျီ၊ ဖုန်း၊ ထွန်စက်ကိုင်းရှည်၊ တီဗီ၊လယ်(၂) ဧက၊ ဆိုင်ကယ် (၃)စီး၊ ကျောက်တင်ကား ၊ ပြောင်းချွေစက်၊ ဈေးဆိုင်၊ တောင်ယာ (၁ဂ)ဧကနှင့် အိမ်စီးကား(၂)စီးခန့် ပိုင်ဆိုင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်နှစ်ထပ်ဖြင့်နေထိုင်ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၁၂ဂ) အိမ်တွင်ထော်လော်ဂျီ၊ ဆိုင်ကယ်(၁)စီး၊ ဖုန်း၊ တီဗီ၊ နွား၊ နွားလှည်း၊ တောင်ယာ (၃)ဧကဧက ပိုင်ဆိုင်ထားကြပြီး နေအိမ်အနေအထားမှာ ပျဉ်ထောင်အိမ်နှင့်သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဂတ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၂ဂ ) အိမ်မှာ စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ၊ တောင်ယာ (၁)ဧကနှင့်အထက်ပိုင်ဆိုင်ကြပြီး နေအိမ်အနေအထားမှာ ဂါးထန်းရုံအိမ်ဖြင့်သာနေထိုင်ကြ ပါသည်။ ဥစ္စာဓန ကြွယ်ဝမှု ဇယားကို ကြည့်ခြင်းအားဖြင့် (၃)မိုင်ပကြဲကျေးရွာ ၏ အခြေအနေကို သုံးသပ်နိုင်မည်ဖြစ်ပါသည်။ ယခင်နှစ်များထက် အဆင်ပြေသည့် အိမ်ခြေ များ တိုးများလာသည်မှာလည်း ကျေနပ်ဖွယ် ဖြစ်ပါသည်။ တိုးပွားလာသည့်အကြောင်းအရင်းမှာ လူငယ်များ နိုင်ငံခြားသို့ အလုပ်အကိုင် ရှာဖွေခြင်း ၊ ကျေးရွာသို့ အခြားဒေသမှ ပြောင်းရွှေ့လာခြင်း နှင့် အချို့မှာ ကျပန်းအလုပ်များ လုပ်ကိုင်ခြင်းတို့ကြောင့်သာ ဖြစ်ပြီး ရွာ၏ အဓိက လုပ်ကိုင်သော စိုက်ပျိုးရေးလုပ်ငန်းမှာ တိုးတက်မှု အနည်းငယ်သာ ရှိနေပါသည်။

အချို့နေအိမ်များဆင်းရဲပြီးနွမ်းပါးရခြင်းနှင့် စားဂတ်နေရေးမပြေလည်သည့်အကြောင်းအရင်းမှာ လယ်ယာနှင့် မြေ ပိုင်ဆိုင်မှုနည်းပါးခြင်း၊အလုပ်အကိုင် အတည် တကျမရှိခြင်း၊ ကျန်းမာရေးမကောင်းခြင်း၊ ရင်းနှီးငွေမရှိခြင်း၊ စိုက်ပျိုးရေးမအောင်မြင်ခြင်း၊ နည်းပညာနားမလည်ခြင်း၊ သီးနှံဈေးမရှိခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်မရှိခြင်း၊ ဂင်ငွေမရှိခြင်းနှင့် အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ အချို့သော သူများမှာ လယ်ယာမဂယ်နိုင်ခြင်းနှင့် ရင်းနှီးငွေမရှိခြင်း တို့ကြောင့်စားဂတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဂတ်နေရေး မပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီ နားသော အချိန်တွင် ပန်းရံလက်သမားလုပ်ငန်းများ လုပ်ကိုင်ကြပြီး စားဂတ်နေရေးပြေလည်စေရန် တစ်ဖက်တစ်လှမ်းမှ ဂင်ငွေ ရရှိစေရန် ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။ မိုးခေါင်ရေရှားပြီး ရာသီဉတုဖောက်ပြန်သောနှစ်တွင် လယ်ယာဧကများစွာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စားဂတ်နေရေး အဆင်ပြေသော်လည်း လယ်ယာဧက အနည်းငယ်သာပိုင်ဆိုင်ထားသော အိမ်ထောင်စုမှာ စားဂတ်နေရေး အခက်အခဲများ ကြုံတွေ့ကြရပါသည်။ ထိုသို့အခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက်ချေးငှားရခြင်း၊ ပွဲရုံပိုင်ရှင်ထံ ကြိုတင်ငွေများယူပြီး နောက်နှစ်သီးနှံပေါ်ချိန်မှသာ အကြွေးများ ပြန်လည် ဆပ်ကြရပါသည်။ ရာသီဉတုကောင်းမွန်သောနှစ်တွင် စားဂတ်နေရေး အဆင်ပြေပြီး မိသားစု အတွက်တစ်နှစ်တာ စားဂတ်နေရေးအတွက် လုံလောက်မှုရှိပါသည်။

စားဂတ်နေရေးအတွက် အိမ်ထောင်တစ်စုနှင့် တစ်စု ဖြေရှင်းပုံခြင်း မတူညီကြသော်လည်း သုံးမိုင်ပကြဲကျေးရွာသည် အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ကြပါသည်။ တစ်ဦးနှင့် တစ်ဦး လေးစားစွာဆက်ဆံကြသော လိမ်မာယဉ်ကျေးသော ကျေးရွာလေးဖြစ်ပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | စပါးစိုက်၊ပြောင်းစိုက်၊မြေပဲစိုက်၊ပဲစဉ်းငုံစိုက် | | | ပေါင်းလိုက်၊ပြောင်းရိတ်သိမ်း မြေပဲနုတ်၊ စပါးရိတ်သိမ်း | | | | | ပဲစဉ်းငုံရုံး | |
| ဝင်ငွေ | $ | $ | | | | | | | $$ | $$$ | $ | $ |
| ထွက်ငွေ | $ | $$ | $$$ | $$$ | $$ | $ | $ | $ | $ | $ | $ | $ |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျော | | | | ဆင်တုတ်ကွေး | | တုတ်ကွေး နှာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | တခွန်တိုင်ပွဲ | | | | | ဒီးကူပွဲ | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | ကောက်သစ်စားပွဲ | | ငှက်လိုက်ပွဲ | ရှာမွေးနေ့ |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | အနည်းငယ်လုံလောက် | အတန်အသင့် | လုံလောက်မှု ရှိ | လုံလောက်မှုရှိ | အတန်အသင့် လုံလောက်မှုရှိ | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါများခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | စိုက်ပျိုး ပေါင်းလိုက် နှင့် ကျပန်းအလုပ်လုပ်ကိုင် ခြင်း | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၈၂

မ - ၃၈

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခရစ္စတင်းလှဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

(၃) မိုင်ပကြဲစံပြ ကျေးရွာ ပြောင်းကို အဓိက စိုက်ပျိုးကြပြီး လယ်စပါး၊ တောင်ယာစပါး၊ မြေပဲ၊ ပဲစဉ်းငုံ စသည့်တို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ မိမိတို့အိမ်စားသုံးရန်အတွက်လည်း သခွားသီး၊ ဖရုံသီး၊ ပဲသီး၊ ဂေါ်ရတ်သီးများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ဖွန်လတွင် ပြောင်းစတင် စိုက်ပျိုးကြပြီး မြေပဲကို ဇူလိုင်လတွင်စိုက်ပျိုးပြီး ဩဂုတ်လတွင်စပါးစိုက်ပျိုးကြပါသည်။ အောက်တို ဘာလတွင် ပြောင်းချိုး၊မြေပဲနုတ်ပြီး နိုဝင်ဘာလတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီး ဖေဖော်ဝါရီလတွင် ပဲစဉ်းငုံနှုးကြပါသည်။

ဂင်ငွေများအနေဖြင့် စပါး၊ပြောင်းနှင့် မြေပဲရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော အောက်တို ဘာလနှင့် ဒီဇင်ဘာလတွင် ဂင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စားအလုပ်များ သွားရောက် လုပ်ကိုင်ကြသောကြောင့် ဂင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေများ အနေဖြင့် စိုက်ပျိုးချိန်အတွက်မြေဩဇာများ ၊ မျိုးစေ့များဂယ်ရသောအချိန်တွင်ထွက်ငွေပိုများပါသည်။ ယခု နှစ်တွင် ပြောင်းပိုးကျခြင်း အဖြစ်များကာ အချို့ပြောင်းခင်းများ နှစ်ကြိမ် စိုက်ရသည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရပါသည်။ ထို့အပြင် ယခင်နှစ်ထက် ဈေးတက်လာသော ပိုးသတ်ဆေး ပေါင်းသတ်ဆေးများ ပိုမိုသုံးရသည့် အခြေအနေ၊ လုပ်သားခဈေးကြီးလာရသည့် အခြေအနေများကြောင့် ရွာရှိ စိုက်ပျိုးရေး လုပ်ကိုင်သူများ ငွေကုန်ကြေးကျများခဲ့ရပါသည်။ သို့သော် သီးနှံဈေးမှာ မျှော်မှန်းထားသော အခြေအနေ မရရှိသဖြင့် ဝင်ငွေလျော့နည်းပြီး စားဝတ်နေရေးကျပ်တည်းသောနှစ် ဖြစ်ခဲ့ရပါသည်။

ကျန်းမာရေးအနေဖြင့် မေလနှင့်ဖွန်လများတွင် ဂမ်းပျက်ဂမ်းလျော်ဖြစ်တတ်ပြီး နိုဂင်ဘာလနှင့် ဒီဇင်ဘာလများတွင်နာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေးရောဂါ အဖြစ်များပါသည်။ ယခုနှစ် စက်တင်ဘာလတွင် ရွာ၌ ဆင်တုတ်ကွေး စတင်ဖြစ်ပွားခဲ့ပါသည်။

(၃) မိုင်ပကြဲစံပြ ကျေးရွာတွင်အဓိကပွဲတော်များအနေဖြင့် ရိုးရာတံခွန်တိုင်ပွဲ နှင့်ဒီးကူပွဲ စသည့်တို့ကိုအဓိကကျင်းပပြီး စပါးရိတ်သိမ်းပြီးချိန်တွင် ငှက်လိုက်ပွဲများ၊ ကောက်သစ်စားပွဲများ ကျင်းပကြပါသည်။ သီးတင်းကျွတ်ပွဲ၊ကထိန်ပွဲ၊ ရှင်ပြုပွဲ စသည့်တို့ကိုလည်း ရာသီအလိုက်ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင် ရေတွင်းရေခမ်းသောကြောင့် သောက်သုံးရာသီ ရှားပါးသော ကာလ ဖြစ်ပါသည်။ သို့သော်လည်း ကျေးရွာအတွက်ကျေးလက်ဦးစီးမှ ရေလှောင်ကန် တည်ဆောက် ပေးကြောင့် နွေရာသီတွင် သောက်သုံးရေ အဆင်ပြေလာခဲ့ရပါသည်။ ဖေဖော်ဂါရီလနှင့် မတ်လများ တွင် သီးနှံများ ရိတ်သိမ်းပြီး သော အချိန် ဖြစ်သောကြောင့် အလုပ်ပါးသော အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အချို့သော သူများ မှာ နေ့စားပန်းရံ ၊ လက်သမား အလုပ်များသွားရောက်လုပ်ကိုင်ခြင်းဖြင့် ကျေးရွာတွင် အမျိုးသား များက မိသားစု ဂင်ငွေရရှိစေရန် ပိုမိုအလုပ်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် သာပိုမို အချိန်ကုန်ကြသော ကြောင့် ဂင်ငွေရရှိမှုနည်းပါသည်။ ထို့ကြောင့် စားဂတ်နေရေးလုံလောက်မှုမရှိပါ။ ထို့သို့ လုံလောက်မှုမရှိသောကြောင့် ချေးငှားရပြီး သီးနံ့ထွက်သောအချိန်မှသာ အတိုးနှင့် ပြန်လည်ဆပ်ကြ

ရပါသည်။ ထိုနည်းဖြင့်မိသားစုစားဝတ်နေရေးကို အဆင်ပြေစေရန် ဖြေရှင်းခဲ့ကြပါသည်။ အမျိုးသမီးများသည် ကြက်၊ ဝက်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား+မ |
|---|---|---|
| ထွန်စက်ကိုင်းရှည် | အပ်ချုပ်စက် | ဆိုင်ကယ် |
| ထော်လော်ဂျီ | ကြက်၊ဂဏ်မွေးမြူးခြင်း | လယ်ယာ |
| ကျောက်တင်ကား | ခေါင်ချက်ခြင်း | ဖုန်း |
| ပြောင်းချွေစက် | အိမ်တွင်းမှု | လမ်း၊ရေတွင်း |
| နွား၊နွားလှည်း | လက်ယက်ကန်း | ဘုန်းကြီးကျောင်း |
| ကား | | ဈေးဆိုင် |
| | | စက်ဘီး |
| | | ရေလှောင်ကန် |
| | | လူငယ်ရှိပ္ပသာ |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၈၂ဦး

မ - ၃၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယား

| ကျား | မ | ကျား+မ |
|---|---|---|
| ထွန်စက်ကိုင်ရှည် | ကြက်၊ဝက်မွေးမြူခြင်း | တောင်ယာ |
| ထော်လော်ဂျီ | အိမ်တွင်းမှု | ဖုန်း |
| ကျောက်တင်ကား | ခေါင်ချက်ခြင်း | ဘုန်းကြီးကျောင်း |
| ပြောင်းချွေစက် | အပ်ချုပ်စက် | လမ်း၊ရေတွင်း |
| နွား၊နွားလှည်း | လက်ယက်ကန်း | ရေလှောင်ကန် |
| ဆိုင်ကယ် | ဈေးဆိုင် | လူငယ်ရိပ်သာ |
| စက်ဘီး | | |
| ကား | | |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၈၂ဦး

မ - ၃၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး - လူထုစည်းရုံးရေးမှူး


# အရင်းအမြစ်သုံးစွဲမှု၊ ထိန်းချုပ်မှု သုံးသပ်ချက်

သုံးမိုင်ပကြံစံပြကျေးရွာတွင် များသောအားဖြင့် အရင်းအမြစ်များကို အတူတကွ သုံးစွဲထိန်းချုပ်ကြပါသည်။ အတူတကွ သုံးစွဲကြသော်လည်း စက်ပစ္စည်း များကိုမူ အမျိုးသားများကသာ ထိန်းချုပ်လေ့ရှိပါသည်။ အမျိုးသမီး အားလုံးနီးပါးသည် ရှေးယခင်ကအတိုင်း အိမ်မှုကိစ္စဆိုင်ရာ အရင်းအမြစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများဆိုင်ရာ အရင်းအမြစ်များကို သာ ထိန်းချုပ် နိုင်ကြပါသည်။ အကြောင်းမှာ ပင့်ကူအိမ်တွင် ဖော်ပြထားသည့်အတိုင်း အမျိုးသမီးများသည် အိမ်မှု ကိစ္စ၌သာ အချိန်ကုန်လေ့ရှိကြပြီး ကျန်ကိစ္စရပ်များတွင် ပါဝင်ဆုံးဖြတ်ခြင်း အားနည်းနေခြင်း ဖြစ်ပါ သည်။

အသိပညာဗဟုသုတ ရယူရန် စိတ်ဝင်စားမှု အားနည်းနေသေးသော အမျိုးသမီးများ အတွက် လက်တွဲခေါ်ရန် လိုအပ်နေပါသေးသည်။ ခြုံငုံကြည့်လျှင် အမျိုးသားရော အမျိုးသမီးများပါ ခေတ်မှီ နည်းပညာများ လေ့လာမှု အခွင့်အလမ်းနည်းပါးနေပါသည်။ ပိုင်ဆိုင်မှု အရင်းအမြစ်များ သုံးစွဲထိန်းချုပ်ရာတွင် အလွန်အကြူးထိန်းချုပ်မှုများမရှိကြပဲ မျှတစွာသုံးစွဲထိန်းချုပ်ကြပါသည်။

စီးပွားရေးဆိုင်ရာ အရင်းအမြစ်များကို ထိန်းချုပ်ရာတွင် သိသင့်သော အပိုင်းများအား အမျိုးသားများက ထိန်းချုပ်ကြသည်ကို တွေ့ရပါသည်။ ဝင်ငွေနည်းပါးသော (ဥပမာ ဈေးဆိုင်၊ ကြက် ဝက် မွေးမြူခြင်း)များကိုမူ အမျိုးသမီး များက အများအားဖြင့် ထိန်းချုပ်ကြပါသည်။ မိသားစု အတွင်း အမျိုးသား၊ အမျိုးသမီးများ၏ ဝင်ငွေများကို အတူတကွ ဆုံးဖြတ် သုံးစွဲကြသည်ကိုလည်း မြင်တွေ့ နိုင်ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ**

ကျား - ၈၂ဦး

မ -၃၈ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး


# ပင့်ကူအိမ် သုံးသပ်ချက်

(၃)မိုင်ပကြဲစံပြ၏ ပင့်ကူအိမ် ဆွေးနွေးမှုအရ ကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်သာ ပိုမိုအချိန် ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများအားနည်း သောကြောင့် ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများ နှင့်သာပိုမို အချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိခြင်းကြောင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိမှုနည်းပါးကြပါသည်။ ထို့သို့ ဝင်ငွေရရှိခြင်း နည်းသောကြောင့် အမျိုးသမီးများသည် ပေါင်းလိုက်ခြင်း၊ ကောက်စိုက်ခြင်း စသော လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူရရှိကြပါသည်။ မိသားစုများ၏ ကျန်းမာရေး နှင့် ကလေးစောင့်ရှောက်မှုများ ကိုလည်း အမျိုးသမီးများကသာ ပိုမိုဦးဆောင်ပြီးစောင့်ရှောက်ကြပါသည် ။ အမျိုးသမီးများသည် အပြင်ပွဲလမ်းသဘင် သွားလာရာတွင်လည်းကောင်း အခြားနေရာများသို့ သွားရောက်လည်ပတ် သွားလာရာတွင်လည်းကောင်း လွတ်လပ်စွာ သွားလာနိုင်ခြင်းမရှိပါ၊ အဘယ်ကြောင့်ဆိုသော် အိမ်မှုကိစ္စများနှင့် သားရေးသမီးရေး များကို နောက်ဆံတင်းနေရသောကြောင့် ဖြစ်ပါသည်။ ကျေးရွာ၏သာရေး/နာရေး နှင့်လူမှုရေးလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးများ အတူတကွပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသားများသည် အမျိုးသမီးများ ထက် အမွေရပိုရရှိကြပါသည်။ ကျေးရွာရှိ အမျိုးသမီးအချို့ သာပြောရဲဆိုရဲရှိပြီး အများစုမှာ ပြောရဲဆိုရဲမှုအားနည်း နေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်း များတွင် ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင် အားနည်းနေကြပါသည်။ အမျိုးသမီးများကို အသိပညာပေးဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမိုလက်တွဲ ခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွား ရန်လိုအပ်နေပါသည်။

အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းပိုများပြီး အမျိုးသမီးများမှာ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည်။ အစည်းအဝေးများတွင် သာမက မိသားစု တွင်ပါ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ကို အလေးထားမှု အားနည်းနေသေးသောကြောင့် လည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ ကျဆင်းနေသည် ဟု ကောက်ချက်ချနိုင်ပါသည်။ ထို့ကြောင့် ရွာလူထုအားလုံး တက်ညီလက်ညီအတူတကွလက်တွဲမည်ဆိုလျှင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)

အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)



ပါဝင်ဆွေးနွေးသူ

ကျား- ၇၂

မ- ၃၈

မှတ်တမ်းတင်သူ

အမည် - [illegible]

ရာထူး - [illegible]

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

(၃) မိုင်ပကြဲစံပြ ကျေးရွာရှိ ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ကေထိျုးဘိုးအဖွဲ့၊ မော်မိုးအဖွဲ့၊ ပဌာန်းအဖွဲ့၊ ဥပုဒ်သည်အဖွဲ့၊ ဓမ္မာစကြာအဖွဲ့၊ ကေ့လဲအဖွဲ့ ၊ သမဝါယမအဖွဲ့ စသည့်အဖွဲ့အစည်းများ ရှိပါသည်။ လူငယ်အဖွဲ့ သည် ကျေးရွာ၏ သာရေး/ နာရေး /ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ တွင် အခြားအဖွဲ့များနှင့် အတူတကွချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖများသည် ကျေးရွာ အုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ပဌာန်းအဖွဲ့၊ ဥပုဒ်သည်အဖွဲ့၊ ဓမ္မာစကြာအဖွဲ့များသည် ကျေးရွာ၏ ဘာသာရေး လုပ်ငန်းများတွင် ဦးစီးဦးဆောင်ပြီး ဆောင်ရွက်ကြပါသည်။ ကေထိျုးဘိုးအဖွဲ့၊မော်မိုးအဖွဲ့၊ ကေ့လဲအဖွဲ့ များသည် ရာသီအလိုက်ကျင်းပသောရိုးရာပွဲများတွင် ဦးစီးပြီးဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက် ကြပါသည်။ ကျန်းမာရေးကော်မတီသည် ကလေးငယ်များကာကွယ်ဆေးထိုးခြင်းနှင့် ကျန်းမာရေးနှင့် ပတ်သက်သောအကြောင်းအရာများကို ကျေးရွာလူထုများသိရှိနိုင်စေရန် ပြောကြားပေးပါသည်။

CDD အဖွဲ့သည် ကျေးရွာတွင်ကော်မတီများဖွဲ့ပြီး ထိုကော်မတီများကို သင်တန်းများ ပေးခြင်းနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းမျာကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သမဂါယမအဖွဲ့သည် ကျေးရွာလူထုများမှ စားဂတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများထုတ်ပေးခြင်းဖြင့် ကျေးရွာလူထု များသည်လည်း ရရှိသောငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ စျေးဆိုင်လုပ်ငန်းများ တွင်အသုံးပြုခြင်း ဖြင့်ပိုမို အဆင်ပြေ လာခဲ့သည်။ World Vision၊ Save The Children အဖွဲ့သည် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာ ရရှိစေရန် အသိပညာပေးဟောပြောခြင်းများကို ကျေးရွာအတွက်ပြုလုပ် ပေးပါသည်။

Save the children အဖွဲ့ မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရပ်ဆိုင်းသည်မှာ သုံးနှစ်ခန့် ရှိပြီ ဖြစ်ပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ**

၁။ ဦးပေါလူ

၂။ ဒေါ်ငါးမြာဂင်း

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**

၁။ ဦးဖရေရယ်

၂။ ဒေါ်ဒဲမြာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးခါးရယ်

၂။ ဒေါ်ကလောမြာ

**ဝယ်ယူရေးကော်မတီ**

၁။ ဦးငါးရယ်ထွေး

၂။ ဒေါ်ထွေးမြာ

**စေတနာ့ဝန်ထမ်း**

၁။ ဦးပိုးရယ်

၂။ ဒေါ်ဝါးမြာ

**ဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်**
**ရေးကော်မတီ**

၁။ ဦးလင်းရယ်

၂။ ဒေါ်လူမြာ

**ငွေစာရင်းကိုင်**

၁။ ဦးဗျားရယ်

**ပါဝင်ဆွေးနွေးသူ**

ကျား- ၈၂ဦး


မ - ၃၈ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




**ပါဝင်ဆွေးနွေးသူ**

ကျား- ၈၂ဦး

မ - ၃၈ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး-လူထုစည်းရုံးရေးမှူး

# အုပ်စုကော်မတီ အဖွဲ့ဝင်များ

| စဉ် | ကျေးရွာအမည် | ကော်မတီဝင်အမည် | |
|---|---|---|---|
| | | ကျား | မ |
| ၁ | ထေးပလော်ခု | ဦးဖရေရယ် | ဒေါ်ထွေးမြာ |
| ၂ | မြေနီကုန်း | အုပ်စု ဘဏ္ဍာရေးဆပ်ကော်မတီ | ဒေါ်မာရီစလင်း |
| ၃ | ပျားကနဲ | ဦးယိုရှု | ဒေါ်နော်ထူးစေး |
| ၄ | ထီးသူးကူး | အုပ်စုစီ-ထောက် | ဒေါ်မာရီ |
| ၅ | (၃)မိုင်ပကြံ | ဦးပေါလူ | ဒေါ်ငါးမြာဝင်း |
| ၆ | မော်ချီးစုစည်း | ဦးယောဟန် | အုပ်စုစာရင်းကိုင် |
| ၇ | လင်ဖုံအောက် | ဦးမြင့်ခိုင် | ဒေါ်နန်းငဲမှု |
| ၈ | လင်ဖုံထက် | ဦးခွန်ကြူး | ဒေါ်နန်းခမ်းကျော် |
| ၉ | ဒေါခေါ်ခု | ဦးငါးရယ် | ညေးမြာ |
| ၁၀ | ကယန်းကြခု | အုပ်စု ဘဏ္ဍာရေးဆပ်ကော်မတီ | ဒေါ်ဘဲမယ် |
| ၁၁ | ပဒါးညေး | ဦးပန်းစိန် | ဒေါ်ခင်စိန် |
| ၁၂ | လယ်ထွဲရွာသစ် | ဦးတီးခွန် | ဒေါ်ရွှေကြာ |
| ၁၃ | လယ်ထွဲရွာဟောင်း | **ဦးမောင်ငယ်** | **ဒေါ်ပန်းငွေ** |
| ၁၄ | နွားလပိုးစံပြ | ဦးဘဲရယ် | ဒေါ်ဘယ်ရောနီကာ |
| ၁၅ | နွားလပိုးရွာမ | ဦးကျော်မင်းသိုက် | ဒေါ်ညိုညိုစန်း |
| ၁၆ | ကယန်းသာယာတောင် | ဦးဒါးဗီ | အုပ်စုစီထောက် |
| ၁၇ | ထီရီ | ဦးမောင်ဦး | ဒေါ်လှဝင်းကြည် |
| ၁၈ | ကယန်းသာယာမြောက် | ဦးမီးနီ | ဒေါ်ရှုသာ |
| ၁၉ | အောင်သပြေကုန်း | ဦးနေထိုင်း | ဒေါ်စီးကာ |
| ၂၀ | ကျောက်ကြီးတောင် | ဦးသန်းထွန်းလင်း | ဒေါ်ပြုံးရှင် |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်၊** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေးမြန်း၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် | |
|---|---|---|---|
| ဦး ကူးဂူယ် | 09-898498065 | ဒေါ်ခရှူဆွ တေဘီ ထူမ်ယယ် | |
| ပြည်နယ်၊တိုင်းဒေသကြီး ၊ ကယား၊ | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဆွားလဝီ | ကျေးရွာ (၃) မိုင်ပကြဲ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ကယား | ၁၆၈ | ဘာသာ(၁)--ဗုဒ္ဓ----- | ၁၇၀ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| | | | |
| လူမျိုးစုရေ------------- | ၂ | ဘာသာရေ----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၅ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၄၉၄ | ၄၆၅ | ၉၄၈ |
| လူမျိုးစု (၁)-ကယား | ၄၇၀ | ၄၆၀ | ၉၃၀ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား ကယန်း ဗမာ | ၁၂ | ၃၂ | ၄၄ |
| အိမ်ထောင်ဦးစီး | ၁၆၀ | ၁၀ | ၁၇၀ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

